ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက် သောကြာနေ့။ Friday, 22 May 2026 ၁၂၁၈၆

# လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၁

တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် မေ ၂၁

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှုထမ်းများအား သင်တန်းအမှတ်စဉ်များအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အဆိုပါနိုင်ငံ့သားကောင်းရတနာများသည် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## လာမည့် ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သော အခြေအနေများကိုတွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ လာမည့်ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**

## ယနေ့ ဖတ်စရာ

**အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ » ၈



**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**

စာမျက်နှာ » ၁၄

**၂၀၂၆ ခုနှစ် မေလ(တတိယ) ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက်**

စာမျက်နှာ » ၁၇

ကြေးမုံ

# ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းတက်ကြဖို့ဝိုင်းဝန်းကြိုးပမ်းစို့

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ၂၀၂၆ ခုနှစ် မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၏ဆောင်ပုဒ်ဖြစ်သည့် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းရှိ မိဘအုပ်ထိန်းသူများ အနေဖြင့် မိမိတို့၏ ရင်သွေးငယ်သားသမီးများအားလုံး ကျောင်းတက်နိုင်ကြစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍသည် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်နည်းနေခြင်းသည် ပညာကို စဉ်ဆက်မပြတ်သင်ယူသူ နည်းပါးနေခြင်းကြောင့်ဖြစ်သည်။ နိုင်ငံ၏ လူဦးရေနှင့်နှိုင်းယှဉ်လျှင် ပညာသင်ယူသူအရေအတွက်နည်းနေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်လျက်ရှိသည်။ မိဘတိုင်း၊ ကလေးငယ်တိုင်း အနေဖြင့် ပညာတတ်လိုကြသူများ ဖြစ်သည်။ သို့သော် ပညာသင်ယူမှုအခွင့်အလမ်းများရှိပါလျက် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းမနေနိုင်ကြသူများ၊ ပညာသင်ယူမှု အတန်းအဆင့်အလိုက် စာသင်ကျောင်းများနှင့် ကင်းကွာသွားသူများ များစွာရှိနေသည်။ မိမိတို့ ၏ဘဝ၊ လွဲမှားသည့်အယူအဆနှင့် ပတ်ဝန်းကျင်၏ရိုက်ခတ်မှုများကြောင့် ပညာရေးဆုံးခန်းမတိုင်ခင် ပညာသင်ယူရေးရပ်တန့်မှုများရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့အသံကို အလေးထားပြီး ပြည်သူများ၏လိုအပ်ချက်ကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံသားတစ်ဦးရရှိရမည့် ပညာသင်ယူမှုအခွင့်အရေးကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူ့အကျိုးကို ရှေးရှု၍လည်းကောင်း၊ နိုင်ငံတော်အနာဂတ်ကို မျှော်မှန်း၍လည်းကောင်း ကျောင်းပြင်ပရောက်ကလေးများ စာသင်ကျောင်းများသို့ ပြန်လည်ရောက်ရှိရေးအတွက် သတ်မှတ်ထားသောမူဝါဒများကို လျှော့ချ၍ Placement Test (အထူးအစီအစဉ်)အဖြစ် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းသားများ ပညာပြန်လည်သင်ကြားရေးအစီအစဉ်ကို ဖော်ဆောင်လျက်ရှိသည်။

အဆိုပါကျောင်းသားများကို ပညာအရည်အချင်းအရသော်လည်းကောင်း၊ အသက်အရွယ်အရသော်လည်းကောင်း၊ သင့်လျော်ကိုက်ညီသည့်အတန်းတွင် တက်ရောက်သင်ယူနိုင်ရန် စီစဉ်ပေးသည့် အရည်အချင်းစစ်စာမေးပွဲပါဝင်သည်။ အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကျောင်းပြင်ပ ရောက် အသက် ၁၅ နှစ်ထက်မကျော်လွန်သည့် ကလေးများအားလုံး အကျုံးဝင်မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များပေါ်များရေး၊ ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူပပျောက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံအကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ အခြေခံပညာကျောင်းများ အရည်အသွေးတိုးတက်မြင့်မားရေးကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျောင်းပြင်ပရောက်ရှိသွားသည့်ကလေးများသည် ပညာသင်ယူခွင့် ရပ်တန့်သွားခြင်းမရှိပါ။ ကျောင်းပြင်ပမှ လေ့လာသင်ယူနေသူများရှိသော်လည်း ပညာအရည်အချင်းကိုသတ်မှတ်သည့် အာမခံချက်အထောက်အထားမရနိုင်ပါ။ စာတတ်ပြီး အတန်းပညာမရှိခြင်းသည် လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့ရန်ခက်ခဲပါသည်။ မည်သည့်လုပ်ငန်းခွင်မဆို အနိမ့်ဆုံးအောင်မြင်ရမည့် ပညာအဆင့်ရှိရမည်ဖြစ်သည်။ အတန်းပညာ၊ ဘွဲ့၊ ဒီဂရီများရှိမှသာ အခွင့်အရေးရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်ထုတစ်ရပ်လုံး၏ ပညာရည်တိုးတက်ရေးကို လိုလားသည့်စေတနာမှန်ဖြင့် ယခုပညာသင်နှစ်တွင် စတင်ပြုလုပ်ပေးသော အထူးအစီအစဉ်တွင် မိဘပြည်သူအားလုံးက ကျောင်းပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ခဲ့ကြသည့် မိမိတို့၏ရင်သွေးငယ်များ ပညာသင်ယူခွင့်ရရေး တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေးအတွက် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိသည့်ဒေသများမှကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပြင်ပရောက် ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ကျောင်းများသို့ ပြန်လည်ရောက်ရှိရေး၊ လူမှုစီးပွားအခြေအနေအရ ကျောင်းထွက်လိုက်ရသည့် ကလေးငယ်များ အနည်းဆုံးအဆင့်အထိ ပညာဆက်လက်သင်ကြားရေးအတွက် နိုင်ငံတော်က ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများနှင့်အတူ မိဘ၊ ဆရာ၊ အုပ်ထိန်းသူများအားလုံးက နိုးကြားတက်ကြွစွာ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## တိုက်ကြီးမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူ့ပညာပေးသင်တန်း ဖွင့်လှစ်

**တိုက်ကြီး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နေကြာစိုက်တောင်သူများ ဝတ်မှုန်ကူးသည့် ပျားမျိုးများ အကြောင်း သိရှိစေရန်ရည်ရွယ်၍ ပျားမွေးမြူရေး ပြည်သူ့ပညာပေးသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ပုတ္တကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပျားအကြောင်း သိကောင်းစရာများ၊ ပျားဖြင့်နေကြာသီးနှံဝတ်မှုန်ကူးခြင်း၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းများ၊ တန်ဖိုးနည်းပျားအိမ်ဖြင့် ပျားမွေးမြူရေးအကြောင်း သိကောင်းစရာများကို ပျားအုံဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပညာပေးသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာနက အသိပညာပေးဟောပြောပွဲ ကျင်းပ

**အင်္ဂပူ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အင်္ဂပူမြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခိုင်သက်ထွဋ်က သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားမဝင်သစ်ထုတ်မှုလျှော့နည်းပပျောက်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ ရေချွေတာသုံးစွဲရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှု မပြုလုပ်ရေးနှင့် တောဆင်ရိုင်းအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အခြေခံအကြောင်းအရာများကိုအသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်

**ဟင်္သာတ မေ ၂၁**

ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၀ ဖြင့် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုးနှင့် ခြင်ထောင်ချုပ်နည်းတို့ကို နည်းပြဆရာမ ဒေါ်သိင်္ဂီနှင့် ဒေါ်ငြိမ်းငြိမ်းတို့က သင်ကြားပေးလျက်ရှိရာ မေ ၁၈ ရက်က ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက သင်တန်းသူများအား သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ အဆိုပါသင်တန်းကို မေ ၄ ရက်မှ ဇွန် ၁၇ ရက်အထိ ၄၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### ၂၁ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄,၅၀၀ | ၁၅,၀၀၀ | ၁,၂၆၇ | ၁၈,၄၆၉,၀၀၀ |
| MTSH | ၆,၇၀၀ | ၆,၉၀၀ | ၆,၀၈၀ | ၄၁,၀၉၇,၀၀၀ |
| MCB | ၉,၇၀၀ | ၉,၇၀၀ | ၁၇ | ၁၆၄,၉၀၀ |
| FPB | ၄,၇၀၀ | ၄,၈၀၀ | ၇,၂၁၁ | ၃၄,၁၅၁,၇၀၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၁၂ | ၃၈,၄၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၈,၆၀၅ | ၁၅,၀၅၈,၇၅၀ |
| AMATA | ၃,၈၀၀ | ၃,၉၅၀ | ၇၀၃ | ၂,၇၀၁,၈၅၀ |
| MAEX | ၄,၂၀၀ | ၄,၃၀၀ | ၁,၁၀၁ | ၄,၆၂၆,၂၀၀ |
| MADPL(PLB) | ၄,၁၀၀ | ၄,၃၀၀ | ၂,၈၆၈ | ၁၁,၉၁၈,၂၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၆ | ၂၃၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက က အဖွင့်အမှာစကားပြောကြားရာတွင် လာမည့် ဇွန် ၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ဒုတိယပုံမှန် အစည်းအဝေး၊ တတိယပုံမှန် အစည်းအဝေးကို ကျင်းပပြုလုပ်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက လွှတ်တော်ပြက္ခဒိန် လျာထားထုတ်ပြန်ထားပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကို ကြိုတင်သိအောင် ပေးပို့ထားရှိပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေး ကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေးဖိတ်စာများ ပေးပို့ထားရှိပြီး ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မေ ၃၀ ရက်ထက်မစော၊ ၃၁ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ လာရောက်ရန် ခေါ်ယူထားပြီး ဖြစ်ပါကြောင်း။

တည်းခိုရေးနှင့်နေရာချထားရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိချိန်တွင် လုံခြုံစိတ်ချစွာ တည်းခိုနေထိုင်နိုင်ရန် အဆောက်အအုံများ ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် အသုံးအဆောင်ပစ္စည်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ ရုံး၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားရှိရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလများတွင် လွှတ်တော်ဝင်းအတွင်း အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့် နေရာများ၊ ယာဉ်တန်းအပါအဝင် သတ်မှတ်နေရာအလိုက် လုံခြုံရေး စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။



လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယကက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းကော်မတီ အနေဖြင့် လွှတ်တော်အသီးသီးရှိ Audio၊ ဗီဒီယိုဆက်သွယ်မှုစနစ်များ အပါအဝင် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း တည်းခိုနေထိုင်သည့် နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်၊ သောက်သုံးရေ၊ စားသောက်မှုများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော် အစည်းအဝေး တက်ရောက်ရန် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှ နေပြည်တော်သို့ အသွားအပြန် ခရီးစဉ်များနှင့် နေပြည်တော်၌ စုပေါင်း တည်းခိုနေထိုင်သည့် နေရာများမှ လွှတ်တော်များသို့ သွားလာရေးကိစ္စများ အဆင်ပြေစေရန် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အခမ်းအနား ပြင်ဆင်ရေး ကော်မတီအနေဖြင့် လွှတ်တော်ဝင်း အတွင်းရှိ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးလိုင်းများ၊ ရုပ်သံ၊ ရေဒီယို၊ တီဗွီဆိုင်ရာ လုပ်ငန်းများ ကောင်းမွန်စေရေး၊ လွှတ်တော် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ အပါအဝင် လွှတ်တော်ပရဝဏ် အတွင်း သန့်ရှင်းသာယာလှပရေး နှင့်လွှတ်တော်အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ပြန်ကြားရေး ကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပမှု ရုပ်သံ၊ သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်မှုနှင့် ရုပ်သံစက်ပစ္စည်းများ ကောင်းမွန်ရန်၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူရေးကိစ္စများကို စနစ်တကျနှင့် အဆင်ပြေစေရန် မီဒီယာကတ်ထုတ်ပေးခြင်းနှင့် ရုပ်သံဆိုင်ရာ စက်ကိရိယာ ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အတွင်း သတင်းရယူရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့် စနစ်တကျ လိုက်နာ ဆောင်ရွက်နိုင်ရေး ပြန်ကြားရေး ဝန်ကြီးဌာနက ဦးစီးတာဝန်ယူပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြား သတင်းထောက်များ အသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့အတူ လွှတ်တော်အစည်း အဝေးများကျင်းပစဉ် လွှတ်တော် ပရဝဏ်အတွင်း၊ လွှတ်တော် အစည်းအဝေးခန်းမကြီးများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရန်၊ ဆက်သွယ်ရေးနှင့် ဆန္ဒမဲပေးစက် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရန် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ လွှတ်တော် ဒုတိယပုံမှန်အစည်း အဝေးကို အောင်မြင်စွာ ကျင်းပ နိုင်ရန်အတွက် တက်ရောက်လာ ကြသည့်ဗဟိုကော်မတီနှင့်လုပ်ငန်း ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင် ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယ အကြိမ် ပထမပုံမှန် အစည်းအဝေး ကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည် ကော်မတီ ဝင်များအားလုံး၏ စုပေါင်း ညီညွတ်မှု၊ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှုများကြောင့် ဖြစ်ပါ ကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်များ ကျန်းမာရေးနှင့် ပတ်သက်၍လည်း စောင့်ရှောက်မှု များ အချိန်မီဂရုတစိုက် ဆောင် ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ကျင်းပမည့် ဒုတိယအကြိမ် ပုံမှန် အစည်းအဝေးများတွင် ဥပဒေ ကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်း များ မေးမြန်းဆွေးနွေးခြင်းဖြင့် လွှတ်တော်ကဏ္ဍကို အစစ်အမှန် စတင်အသက်သွင်းမည် ဖြစ်သည့် အတွက် အသံစနစ်များ ပိုမို ကောင်းမွန်စေရန် လိုအပ်ပါ ကြောင်း၊ အစိုးရသစ် ရက်(၁၀၀) စီမံကိန်းကာလနှင့် တိုက်ဆိုင်နေ သည့်အတွက် အစိုးရနှင့် လွှတ်တော် ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ ရောက်ရှိချိန် တွင် တည်းခိုနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်သင့် ပြင်ဆင်ဆောင်ရွက် ထားရှိရန်လိုအပ်ပါကြောင်း၊ ယခင် ကျင်းပခဲ့သည့် အစည်းအဝေး များ၏ အားသာချက်များကို ထိန်းသိမ်းပြီး ကော်မတီဝင်များ အနေဖြင့် စနစ်တကျ ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူးက ပထမပုံမှန် အစည်းအဝေးတွင် လုပ်ငန်း ကော်မတီများ၏ ပေါင်းစပ်ဆောင် ရွက်ခဲ့မှုအခြေအနေနှင့် ဒုတိယ ပုံမှန်အစည်းအဝေးများ အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အစည်းအဝေး သို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန် ရှိသူများက ဒုတိယပုံမှန်အစည်း အဝေးများ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် များအပေါ် ဗဟိုကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထို့နောက်ဗဟိုကော်မတီနာယက နှင့်အဖွဲ့သည် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂) သို့ သွားရောက်ပြီး လွှတ်တော် ကိုယ်စားလှယ်များ စိတ်အေးချမ်း သာစွာနေထိုင်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးလျှင် အခန်း တစ်ခန်း စီစဉ်ဆောင်ရွက်ထားရှိ မှု၊ အစားအသောက်များ ချက်ပြုတ် စားသောက်နိုင်ရေးနှင့် မီးဘေး အန္တရာယ်ကင်းရှင်းရေး ဆောင် ရွက်ထားရှိမှု၊ နေ့စဉ်သတင်းများ နှင့် ဗဟုသုတများ သိရှိနိုင်ရန် အတွက် ရုပ်မြင်သံကြားနှင့် စာဖတ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ် က ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း ပြင်ဆင်ဆောင်ရွက်ထား ရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၁**

ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရတနာပုံ ဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယ ဝန်ကြီးများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးမြို့တော်ဝန်တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး က စီမံကိန်းတစ်ခုလုံးကို လွှမ်းခြုံသည့် ဒီဂျစ်တယ် နည်းပညာနှင့် ပတ်သက်သော Conceptual Plan နှင့် Master Plan များ စနစ်တကျ ရေးဆွဲတင်ပြ နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြသည်။



ထို့နောက် တက်ရောက်လာသည့် ကော်မတီ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က စီမံကိန်း လုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ကောင်းများ ပေါ်ပေါက်လာစေရန် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲ ဆောင်ရွက်



တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်စဉ်။

❂ ကျောဖုံးမှ

ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisenနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှား အမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ် General Agus Subiyanto နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုပြည်သူ့တပ်မတော် ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dato Seri Haji Malek Razak bin Sulai Man နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်တပ်မတော်မှ စစ်ဦးစီးချုပ် General Romeo Saturnino Brawner Jr နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Vice Admiral AaronBeng Yao Cheng နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukirs Boontanondha နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ တီမောလက်စ်တေ တပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Domingos Raul နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ် ပြည်သူ့တပ်မတော်ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ် General Nguyen TanCuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော် စစ်ဦးစီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (23rd AMIM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော် (ကြည်း၊ ရေ၊ လေ) ထောက်လှမ်းရေးအရာရှိချုပ် Major General Benedict D.Balaba နှင့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (16th AMOM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော်(ကြည်း၊ရေ၊လေ)စစ်ဆင်ရေးအရာရှိချုပ် Major General Elmer B Suderio တို့က အစည်းအဝေးများကျင်းပခဲ့မှု အစီရင်ခံစာရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက **“မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)”** ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအက္ခရာစဉ်အလိုက် အလှည့်ကျဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဆွေးနွေးရာတွင် မိမိတို့အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ခိုင်မာသည့်အခြေခံစည်းမျဉ်းများနှင့်ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့်အဖွဲ့တစ်ခုဖြစ်ပြီး မိမိတို့အာဆီယံတပ်မတော်များသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်တိုးတက်စေရန် အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ယခုနှစ်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် **“မိမိတို့၏အနာဂတ် လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)”**သည် မိမိတို့အာဆီယံတပ်မတော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများနှင့် လွန်စွာကိုက်ညီမှုရှိသည့်အပြင် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်းဖြစ်သည်ကိုတွေ့ရှိရပြီး အာဆီယံ၏အဓိကရည်မှန်းချက်နှင့်လုပ်ဆောင်ချက်များကို တွန်းအားပေးမီးမောင်းထိုးပြလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအား လွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့် အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်းကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အင်အားကြီး နိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးမှုမှသည် စစ်ရေးအရ လွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများ ဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လာသည်အထိ အပြိုင်ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြကြောင်း။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးခရီးလမ်း ခိုင်မာစေရန် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် အခြေခံအုတ်မြစ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုံခြုံမှုပတ်ဝန်းကျင်အပေါ် မူတည်လျက်ရှိသဖြင့် အနာဂတ်တွင် ဒေသတွင်းတည်ငြိမ်မှုခိုင်မာအားကောင်းလာစေရန်နှင့် နက်နဲရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အတူလက်တွဲကျော်လွှားတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော **“မိမိတို့၏အနာဂတ် လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)”**နှင့်အညီ အနာဂတ်ကာလတွင် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလိုကြောင်း။

ထို့အတူ အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ (၂)နှစ် လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၂၈) Two Years Activity Work Plan (2026-2028) အား အတည်ပြုခြင်း၊ 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ၏ ပူးတွဲ ထုတ်ပြန်ကြေညာချက် Joint Statement အား အတည်ပြုခြင်းများကို ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးကြကာ တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က လွှဲပြောင်းပေးအပ်မှုမိန့်ခွန်း ပြောကြားပြီး 24th ASEAN Chiefs of Defence Forces Meeting(24th ACDFM) ဥက္ကဋ္ဌကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏အလံ (ASEAN Flag)ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှဲပြောင်းလက်ခံမှု မိန့်ခွန်းပြောကြားပြီး ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က နှုတ်ခွန်းဆက်အပိတ်မိန့်ခွန်းပြောကြားကာ အစည်းအဝေးအောင်မြင်စွာပြီးစီးခဲ့သည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၆) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting -16th AMOM)ကို မေလ ၁၉ ရက်နေ့တွင်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း၊ တတိယအကြိမ် အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်း ခေါင်းဆောင်များညီလာခံ (AMICLC-3)နှင့် (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (23rd ASEAN Military Intelligence Meeting - 23rd AMIM) များကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ရာ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလို**
- **အနာဂတ်ကာလတွင် မိမိတို့အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲ၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလို**

**○ ပြည်သူ့စစ်မှုထမ်းမှ**

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မေ ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်လွှတ်ခဲ့ပြီးဖြစ်သည်။

**ဂုဏ်ပြုကြိုဆို**

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဖြင့် ပြန်လည်ဆုံဆည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် ပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများ ဆောင်ရွက်ကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုကြစဉ်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံဆည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင်လည်း တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့်အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်၍ တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❐ ဟားခါးမြို့မှ**

စွန့်ခွာခဲ့ရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်သို့ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်ကာ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ပြန်လည်ဖော်ဆောင်ပေးနိုင်ရေး၊ စားသောက်နေထိုင်မှု အဆင်ပြေစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိသည်။



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ ထွက်ခွာစဉ်။



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ ရောက်ရှိစဉ်။

တပ်မတော်သည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ် ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ဟားခါး- ဖလမ်း- တီးတိန်-တွန်းဇံ -ကျီးခါး လမ်းကြောင်းနှင့် ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ဖလမ်းမြို့သို့ ပြန်လည် ဝင်ရောက်နေထိုင်လျက်ရှိပြီး ၎င်းတို့အတွက် လိုအပ်သည့် အခြေခံ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ မြို့ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေးပစ္စည်းများ ပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် မေ ၂၀ ရက်တွင် ဖလမ်းမြို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ကူညီထောက်ပံ့ရေး ပစ္စည်းများ ပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ယနေ့တွင် ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ဟားခါးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဟားခါးမြို့သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိကြရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး ဆက်သွယ်ရေးလမ်းကြောင်းအား ယာယီစိုးမိုးပိတ်ဆို့ထားစဉ် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ဟားခါးမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်များ ရှားပါးလာခြင်း၊ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများဖြစ်ပေါ်ပြီး ဈေးနှုန်းများကြီးမြင့်လာခြင်း၊ ဆေးဝါး၊ ဆေးရုံသုံးပစ္စည်းများ ပို့ဆောင်ရခက်ခဲခြင်းကြောင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် အခက်အခဲများဖြစ်ပေါ်လာခြင်းနှင့် ဒေသထုတ်ကုန်များ တင်ပို့ရောင်းဝယ်နိုင်ခြင်းမရှိတော့သဖြင့် ဒေသစီးပွားရေးကျဆင်းခြင်းတို့ကို ပြည်သူများအနေဖြင့် ခါးစည်းခံခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့်အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ကလေး- သိုင်းငင်း- ဖလမ်း- ဟားခါး လမ်းကြောင်းတစ်လျှောက်တွင်လည်း ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ပညာရည်မြင့်မားရေးများကို အစဉ်တစိုက် ဖော်ဆောင်ပေးလျက် ရှိပြီး တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့မနား၊ ညမအား ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုတို့၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် သိမြင်ခံစားတန်ဖိုးထားတတ်လာပြီး ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများမှာလည်း ပုံမှန်အတိုင်း ပြန်လည် လည်ပတ်တော့မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၃၁ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၂ ဦး၊ B.Tech ဘွဲ့ ၁၃၅ ဦး၊ AGTI ဒီပလိုမာ ၁၁၂၃ ဦး စုစုပေါင်း ၃၅၄၁ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၇ ဦး၊ M.Res ဘွဲ့ ၅၅ ဦး၊ Ph.D ဘွဲ့ ၁၇ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး ရှိလာသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဝိဇ္ဇာဘာသာနှင့် သိပ္ပံဘာသာထူးချွန်ဆုရကျောင်းသားများအား ထူးချွန်ဆုများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် အဆိုပါဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ကောလိပ် မိုးလုံလေလုံအားကစားရုံ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ အိပ်ဆောင်များနှင့် သုံးထပ်ကျောင်းသူအိပ်ဆောင်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။


ယင်းနောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ယန္တရားကြီးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Digitalization of Industrial Russia 2026 ဖိုရမ် နည်းပညာပြခန်းများ ကြည့်ရှုလေ့လာ၊ ဆွေးနွေးပွဲပြုလုပ်

နေပြည်တော် မေ ၂၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ညနေပိုင်းက Digitalization of Industrial Russia 2026 ဖိုရမ်တွင် ခင်းကျင်းပြသထားသော ပြခန်းများကို သွားရောက်ကြည့်ရှုလေ့လာသည်။



အဆိုပါပြခန်းများတွင် ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီများက လူမှုစီးပွားဘဝ ကဏ္ဍစုံတွင် ဉာဏ်ရည်တုနည်းပညာ၊ ဇီဝအချက်အလက် နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး နည်းပညာများ အသုံးပြုဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ အသုံးပြုသည့် ပစ္စည်းများနှင့်ဆက်စပ် Application များကို ရာနှုန်းပြည့် ရုရှားနိုင်ငံ၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ Digital Twin နည်းပညာကို မော်စကိုမြို့၏ မြို့ပြစီမံခန့်ခွဲမှုတွင် အသုံးပြုဆောင်ရွက်နေမှု၊ ဇီဝအချက်အလက်နည်းပညာကို နယ်ပယ်စုံတွင် အသုံးချဆောင်ရွက်နေမှုကို ခင်းကျင်းပြသထားသည်။

ထို့နောက် Astra Group ကုမ္ပဏီပြခန်း၌ ပြည်ပမှီခိုမှုကင်းသော Operating System၊ ဆိုက်ဘာလုံခြုံရေးနှင့် အချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ Application များ၊ နည်းပညာဆိုင်ရာ ပစ္စည်းများနှင့် Software များ အကြောင်းကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် Astra Group ကုမ္ပဏီနှင့် ဆွေးနွေးပွဲပြုလုပ်ရာ မြန်မာနိုင်ငံတွင် Operating System နှင့် Software များ အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ရေးအတွက် Astra Group ကုမ္ပဏီမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီအထောက်အပံ့ပေးနိုင်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပိုင်းဆိုင်ရာ သုတေသနပြု အကောင်အထည်ဖော်နိုင်ရေးအတွက် Moscow Technical University of Communications and Informatics (MTUCI) နှင့် Naypyitaw State Polytechnic University (NSPU) တို့အကြား နားလည်မှု စာချွန်လွှာရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဉ္စမအကြိမ် မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၁

ပဉ္စမအကြိမ်မြောက် မြန်မာ–ဖိလစ်ပိုင်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက်ပိုင်းတွင်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ်ဟာရီရာ လင်းမ်တို့ ဦးဆောင်၍ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုခိုင်မာလာစေရေး၊ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

မြန်မာအစိုးရသစ်၏ ဦးစားပေး လုပ်ငန်းစဉ်များအပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် ဒေသတွင်း သက်ရောက်မှုများကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပြင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

## တက်ရောက်

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ်ဟာရီရာ လင်းမ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

သတင်းစဉ်

# ပေါင်းတည်မြို့နယ်၌ နွေစပါးရိတ်သိမ်းပွဲ ကျင်းပ

ပေါင်းတည် မေ ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅–၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို မေ ၁၉ ရက် နံနက်ပိုင်းက ဗျက်ကြီးကျေးရွာအုပ်စုမှ တောင်သူဦးမျိုးအောင်၏ နွေစပါး ဗီယက်နမ်မျိုးစပါးစိုက်ခင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်းနှင့်ဝန်ထမ်းများ၊ တောင်သူများပူးပေါင်း၍ နွေစပါးစံကွက်ရိတ်သိမ်းခြင်းကိုဆောင်ရွက်ခဲ့ကြရာ တစ်ဧကလျှင် အစို ၁၄၈ ဒသမ ၉၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများကို တောင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေသား(IPRD)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းတို့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ကချင်၊ ကရင်၊ ဇိုတုန်(ချင်း)၊ ဟွာလ်ငို(ချင်း)၊ မရာ(ချင်း)၊ ဒိုင်(ချင်း)၊ ဗမာ၊ ထားဝယ်၊ မွန်၊ ရခိုင်၊ မြို၊ ခမီ၊ ရှမ်း၊ ပအိုဝ်း၊ တအာင်းနှင့် ကိုးကန့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားဘာသာစာပေ သင်ကြားရေးဆိုင်ရာများ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် ကျင်းပရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မင်းဘူးပြည်သူ့ဆေးရုံကြီးနှင့် မကွေးပြည်သူ့ဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုတို့သည် ယနေ့နံနက်ပိုင်းတွင် မင်းဘူးပြည်သူ့ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုကာ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မကွေးပြည်သူ့ဆေးရုံကြီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငါးထပ်ကုသဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကာ အဆောက်အအုံ အရည်အသွေး ကောင်းမွန်စွာ၊ ဖွဲ့စည်းတည်ဆောက်ပုံ မှန်ကန်စွာဖြင့် အချိန်မီပြီးစီးစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မကွေးပြည်သူ့ဆေးရုံကြီး အထွေထွေ ရောဂါကုသဆောင်၊ ဆီးချိုနှင့် ဟော်မုန်းရောဂါကုသဌာန၊ ဆီးနှင့်ကျောက်ကပ်ကုသဌာန၊ ကလေးကုသဆောင်၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်၊ မျက်စိရောဂါကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံကာ ဆေးကုသရေး လုပ်ငန်းများနှင့် သင်ကြားရေး လုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုအားပေး

**စစ်တွေ မေ ၂၁**

စစ်တွေမြို့နယ် အတွင်း အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာ ထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းတို့ကိုယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေခရိုင်ဘဏ်ခွဲသို့ သွားရောက်ကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများက ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးသတင်းပတ်မတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သင်ရိုးညွှန်းတန်းစာအုပ်များ ရောက်ရှိပြင်ဆင်ထားရှိမှုနှင့် စာကြည့်တိုက်များတွင် သုတ၊ ရသ စာအုပ်စာစောင်များ စနစ်တကျဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးဟောပြော

**တွံတေး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကန်ပတ်ရိုးကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးဟောပြောခြင်းနှင့် မိုးစပါးတွင် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲနည်း သင်တန်းဖွင့်လှစ်ခြင်းကို မေ ၁၆ ရက်က အဆိုပါကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက လယ်ယာမြေဥပဒေ၊ ပိုးမွှားအန္တရာယ်နှင့် ပိုးသတ်ဆေးအကြောင်း၊ စပါးအထွက်တိုးမျိုးစေ့များအကြောင်း၊ လယ်ယာမြေပြုပြင်နည်း၊ သဘာဝမြေသြဇာပေါင်းစပ်အသုံးပြုနည်း၊ ဓာတ်မြေသြဇာအသုံးပြုနည်းတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် တောင်သူများအား စူပါဘိုကာရှိပြုလုပ်နည်းကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် မေ ၁၉ ရက်က မုဒုံမြို့ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်ဝင်းသျှန်နီအေးက ရာဇသတ်ကြီးဥပဒေမှ အမျိုးသမီးများနှင့်သက်ဆိုင်သည့် ဥပဒေရေးရာ အကာအကွယ်များ၊ အီလက်ထရောနစ် အင်္ဂေ့ရှူစက်နှင့်ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်သည့် အမိန့်ထုတ်ပြန်ခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားစဉ်။ ရာမည(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို မေ ၁၈ ရက်နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း၌ ဖွင့်လှစ်သင်ကြားစဉ်။

ရဲကိုမောင်(ပြန်/ဆက်)

# လက်ပံတန်း၌ ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**လက်ပံတန်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့တို့က မေ ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်က ကျေးရွာမြေပုံဇာဂရန်ရရှိရေး ဆောင်ရွက်ပေးမည့်အခြေအနေနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းစုကျေးရွာအတွင်း အိမ်ခြေများကို ကျေးရွာမြေပုံဇာဂရန်ထုတ်ပေးနိုင်ရေး တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ပေး

ဒေါက်တာသန့်စင် (ရူပဗေဒ)

ကျွန်တော်သည် ပညာရေးဝန်ကြီးဌာနတွင် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ ၃၇ နှစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တက္ကသိုလ်ဆရာဘဝမှစတင်ပြီး စစ်တက္ကသိုလ်၊ မုံရွာကောလိပ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ပညာရေးသုတေသနဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန စသည်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

KG + 12 ပညာရေးစတင်နိုင်ရန် ပညာရေးသုတေသနဦးစီးဌာနတွင် Task Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်၏မိခင်ဖြစ်သူမှာ မူလတန်းပြဆရာမတစ်ဦးဖြစ်ပြီး ဦးကြီး၊ ဦးလေး၊ အဒေါ်များမှာလည်း အခြေခံပညာဝန်ထမ်းများဖြစ်ပါသည်။ အခြေခံပညာရေးကို များစွာစိတ်ဝင်စားမိပါသည်။

၂၀၁၆ ခုနှစ်တွင်စတင်ခဲ့သည့် သူငယ်တန်း+ ၁၂နှစ် (KG+12)သင်ရိုးသည် သူငယ်တန်းအပါအဝင် စုစုပေါင်းစာသင်နှစ် ၁၃ နှစ်ရှိသော စနစ်ဖြစ်ပါသည် ။ သူငယ်တန်း + ၁၂ နှစ်သင်ရိုးတွင် အသက်ငါးနှစ်ပြည့်ပြီးသော ကလေးတစ်ဦးသည် သူငယ်တန်း (KG) တွင် စတင်တက်ရောက်ပြီး တန်းစဉ်အောင်မြင်ပါက အသက် ၁၇ နှစ်ပြည့်သောအခါ ဒွါဒသမ ၁၂ တန်းသို့ ရောက်ရှိမည်ဖြစ်ပါသည်။ ထိုအတန်းကိုအောင်မြင်ပါက တက္ကသိုလ်သို့ရောက်ရှိမည့် နိုင်ငံတကာနှင့် တန်းညှိထားသောစနစ်ဖြစ်ပါသည်။

မူလတန်းအဆင့်ပညာရေးတွင် (ပထမတန်းမှ ပဉ္စမတန်းအထိ) ငါးနှစ်၊ အလယ်တန်းအဆင့်ပညာရေးတွင် (ဆဌမတန်းမှ နဝမတန်းအထိ) လေးနှစ်၊ အထက်တန်းအဆင့်တွင် (ဒသမတန်းမှ ဒွါဒသမတန်းအထိ) သုံးနှစ်ဟူ၍ (၅ : ၄ : ၃) ပုံစံဖြစ်ပါသည်။ အခြေခံပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေ၌ **"အခြေခံပညာရေးဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော အခြေခံပညာကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာတစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကိုဆိုလိုသည်"**ဟု ဖော်ပြထားပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ထည့်သွင်းသင်ကြားမည်

ယခုအခါ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍတွင် နိုင်ငံတော်၏ဘတ်ဂျက်ငွေကို များစွာအသုံးပြုကာ အလေးထား မြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေး၏အရေးကြီးပုံနှင့် ပညာရေးကဏ္ဍမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး အခြေခံပညာ (KG + 9)အထိ သင်ကြားတတ်မြောက်စေရန် ဆောင်ရွက်နေပါသည်။ အခြေခံပညာသင်ရိုးများတွင် လက်တွေ့အသုံးကျသော စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ထည့်သွင်းသင်ကြားမည်ဖြစ်ပါသည်။

မကြာမီတွင် Smart School နှင့် Football for School Program တို့ကို ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ရှိသော အခြေခံပညာကျောင်းများတွင် Pilot Project အဖြစ် စတင်အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း သိရပါသည်။ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အားကစားကဏ္ဍတိုးမြှင့်ရေးအတွက် ဆောင်ရွက်

မြန်မာနိုင်ငံ၏ ဘောလုံးအားကစားသည် တစ်ခါက အာရှနှင့် အရှေ့တောင်အာရှတွင် နာမည်ကြီး ထင်ရှားခဲ့ပါသည်။ ယခုအခါ အခြေခံပညာကျောင်းများမှ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ကာ အားကစားကဏ္ဍတိုးမြှင့်ရေးအတွက် ဆောင်ရွက်ပေးသည်ကို ကြိုဆိုရပါသည်။ ဘောလုံးအားကစားသည် လူအများ စုပေါင်းကစားရသည့်အားကစားဖြစ်ပြီး တစ်ဦးကောင်း တစ်ယောက်ကောင်းအပြင် စုပေါင်းဆောင်ရွက်မှ အောင်မြင်မှုရနိုင်သည့် အားကစားဖြစ်ပါသည်။ အပေးအယူမျှတရမည်ဖြစ်ပြီး အချိန်တိုအတွင်း ဆုံးဖြတ်ချက် မှန်မှန်ကန်ကန်ချ၍ တစ်ဖက်အသင်းကို အနိုင်ဂိုးများသွင်းကာ ကစားရသည့်နည်းဖြစ်ပါသည်။ သက်လုံကောင်းမှု၊ ညီညွတ်မှု၊ သည်းခံစိတ်ရှိမှု၊ အချင်းချင်းနားလည်မှုရှိမှုတို့ကို သင်ကြားပေးသည့် အားကစားနည်းဖြစ်၍ လူငယ်များအတွက် အထူးသင့်လျော်ပါသည်။

စာရေးသူသည် ပညာရေးဝန်ထမ်းဘဝတွင် ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့သို့ ပညာရေးလေ့လာရေးခရီး မကြာခဏရောက်ခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် အခြေခံပညာမှစ၍ ကျောင်းသား ကျောင်းသူများကိုယ်တိုင် အားထားသင်ယူသည့်စနစ်ကို လေ့ကျင့်ပေးပါသည်။ ကျောင်းသို့လာရာတွင် အတန်းကြီးကျောင်းသားများက အတန်းငယ်ကျောင်းသားများကို ဂရုတစိုက်ခေါ်ဆောင်ပြီး ကျောင်းစာသင်ခန်း၊ အိမ်သာ၊ ထမင်းစားခန်း၊ ကျောင်းတွင်းသန့်ရှင်းရေးများကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရပါသည်။

နေ့လယ်စာကျွေးသည့် တချို့ကျောင်းများ၌ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ထမင်းစားခန်းမှ ထမင်းဟင်းများကို အလှည့်ကျသွားယူကာ ထမင်း၊ ဟင်းနှင့် နွားနို့ပုလင်းတို့ကို မိမိကုန်နိုင်သလောက်သာ စားသုံးတတ်စေရန်၊ ထမင်းစားပြီး ပုံစံပန်းကန်ခွက်များကို သက်ဆိုင်ရာနေရာသို့ စနစ်တကျပြန်ထားရန် စသည်တို့ကို လေ့ကျင့်ပေးထားပါသည်။ သန့်စင်ခန်းများကိုလည်း ကျောင်းသားကျောင်းသူများ အလှည့်ကျ နေ့စဉ်သန့်ရှင်းရေးလုပ်ရပါသည်။ အားကစားကဏ္ဍအပြင် မိမိတို့ကိုယ်တိုင် ကျောင်းအတွင်း သစ်ပင်ပန်းပင်များကို စိုက်ပျိုးရပါသည်။ စာသင်ကြားရာတွင် ဆရာနှင့်တပည့် အမေး၊ အဖြေစနစ်နှင့်အတူ ကျောင်းသားကျောင်းသူအုပ်စုများ အလျဉ်းသင့်သလိုဖွဲ့၍ ဆရာ၏မေးခွန်းများကို စုပေါင်းဖြေဆိုကြပါသည်။ ဆရာနှင့် ကျောင်းသားအချိုးမှာလည်း ၁ : ၂၀ ခန့်သာရှိပါသည်။

Smart School ကို လေ့လာမိသည်မှာ ကျောင်းသားများ၏ သင်ယူမှုနှင့် သင်ကြားမှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုထားသောကျောင်းကိုဆိုလိုပါသည်။ ယင်းသည် ရိုးရာသင်ကြားမှုပုံစံမှ ခေတ်မီဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းသင်ကြားခြင်းကို အခြေခံပါသည်။

> **ကျောင်းသားတစ်ယောက် အောင်မြင်နိုင်ရန် အမှတ်ကောင်းရေးသာမကဘဲ အမူအကျင့်ကောင်း မွေးမြူပေးနိုင်ရပါမည်။ (၁) စည်းကမ်းရှိရပါမည်၊ (၂) အချိန်ကို စီမံခန့်ခွဲတတ်ရပါမည်၊ (၃) သိလိုစိတ်ရှိရပါမည်၊ (၄) ဇွဲရှိရပါမည်၊ (၅) စာသင်ကြားရာတွင် ကိုယ်တိုင်တက်ကြွစွာ ပါဝင်ဆွေးနွေးနိုင်ရပါမည်၊ (၆) ရည်မှန်းချက်ပန်းတိုင်ရှိရပါမည်။ အဓိကအားဖြင့် ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဇွဲရှိမှု စသည့် ကျောင်းသား ကျောင်းသူများဖြစ်ရပါမည်**

## Smart School ၏ အဓိကအချက်များ

Smart School ၏ အဓိကအချက်များမှာ-

၁။ ကျောက်သင်ပုန်းများအစား အပြန်အလှန်ထိတွေ့အသုံးပြုနိုင်သော Smart Board များ၊ တက်ဘလက်များနှင့် ကွန်ပျူတာများ အသုံးပြုခြင်း။

၂။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာအရည်အချင်းအလိုက် ဉာဏ်ရည်တု (AI) နည်းပညာသုံးသင်ခန်းစာများဖြင့် သင်ကြားပေးခြင်း၊

၃။ e Book စာအုပ်များ၊ ဗီဒီယိုသင်ခန်းစာများနှင့် အွန်လိုင်းမှတစ်ဆင့် မည်သည့်နေရာတွင်မဆို လေ့လာသင်ကြားနိုင်ခြင်း၊

၄။ ကျောင်းသား၊ ဆရာနှင့် မိဘများအကြား အွန်လိုင်းမှတစ်ဆင့် ကျောင်းသား၏တိုးတက်မှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း၊

၅။ အားကစား၊ သိပ္ပံလက်တွေ့၊ လူမှုရေး၊ ပြည်သူ့နီတိတို့တွင် ကျောင်းသား ကျောင်းသူတိုင်း စိတ်ပါဝင်စားစွာ သင်ယူနိုင်ခြင်း၊ မိမိတို့၏ Mindset များကို အစဉ်မြှင့်တင်ပေးနေခြင်း စသည်တို့ဖြစ်ကြောင်း လေ့လာမိပါသည်။

## သင်ယူမှုပုံစံ

ပညာရေးလောကတွင် ကျောင်းသားများကို အမျိုးအစားခွဲခြားရာ၌ သင်ယူမှုပုံစံ (Learning Styles) ပေါ်မူတည်၍ ခွဲခြားနိုင်ပါသည် -

(၁) **အမြင်ဖြင့် သင်ယူသူများ။** ရုပ်ပုံများ၊ ပုံကြမ်းများဖြင့် ဗီဒီယိုများကိုကြည့်ရှုကာ အကောင်းဆုံး သင်ယူနိုင်သူများဖြစ်ပါသည်။ ၎င်းတို့သည် စာဖတ်ခြင်းထက် မြေပုံများ၊ ဂရပ်ပုံစံများကို ပိုမိုနှစ်သက်ကြပါသည်။

(၂) **အကြားဖြင့် သင်ယူသူများ။** ဆရာ၏ဟောပြောပို့ချချက်များကို နားထောင်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းမှတစ်ဆင့် အကောင်းဆုံးမှတ်မိသူများဖြစ်ပါသည်။ ၎င်းတို့သည် စာကိုအသံထွက်ဖတ်ခြင်း၊ အသံဖိုင်များကို နားထောင်ခြင်းဖြင့် ပိုမိုထိရောက်စွာ လေ့လာနိုင်ပါသည်။

(၃) **စာဖတ်ခြင်း၊ စာရေးခြင်းဖြင့် သင်ယူသူများ။** စာအုပ်ဖတ်ခြင်း၊ မှတ်စုရေးခြင်း၊ စာစီစာကုံးရေးသားခြင်းတို့ကို နှစ်သက်သူများဖြစ်ပါသည်။ ၎င်းတို့သည် အချက်အလက်များကို စာသားအဖြစ်ဖော်ပြထားမှသာ ပိုမိုနားလည်လွယ်ပါသည်။

(၄) **လက်တွေ့လုပ်ဆောင်မှုဖြင့် သင်ယူသူများ။** လက်တွေ့စမ်းသပ်ခန်းများတွင် လုပ်ဆောင်ရခြင်း၊ ပြင်ပသို့ ကိုယ်တိုင်ထွက်၍ လက်တွေ့သင်ယူရခြင်းတို့ကို နှစ်သက်သူများဖြစ်ပါသည်။ ၎င်းတို့သည် ကိုယ်တိုင်လက်တွေ့မလုပ်ရပါက အာရုံစူးစိုက်ရန် ခက်ခဲသူများဖြစ်ပါသည်။

**ထို့အပြင်ကျောင်းသားတစ်ယောက်အောင်မြင်နိုင်ရန် အမှတ်ကောင်းရေးသာမကဘဲ အမူအကျင့်ကောင်းမွေးမြူပေးနိုင်ရပါမည်။ (၁) စည်းကမ်းရှိရပါမည်၊ (၂) အချိန်ကို စီမံခန့်ခွဲတတ်ရပါမည်၊ (၃) သိလိုစိတ်ရှိရပါမည်၊ (၄) ဇွဲရှိရပါမည်၊ (၅) စာသင်ကြားရာတွင် ကိုယ်တိုင်တက်ကြွစွာ ပါဝင်ဆွေးနွေးနိုင်ရပါမည်၊ (၆) ရည်မှန်းချက်ပန်းတိုင်ရှိရပါမည်။ အဓိကအားဖြင့် ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဇွဲရှိမှု စသည့် ကျောင်းသား ကျောင်းသူများဖြစ်ရပါမည်။**

အရည်အသွေးရှိပညာရေးသို့ ဦးတည်ရာတွင် ဆရာ၏လစာ၊ ဆရာ၏လူမှုစီးပွားရေးဘဝ၊ ဆရာ၏ ဂုဏ်သိက္ခာနှင့် ဆရာ၏ကျင့်ဝတ်များ ကောင်းမွန်ခိုင်မာရေးသည်လည်း အဓိကကျပါသည်။ စွမ်းဆောင်ရည်မြင့်မားသည့် ပညာရေးစနစ်တည်ဆောက်ရာတွင် ဆရာ ဆရာမများအတွက် ထိုက်တန်လျော်ကန်သော ကူညီပံ့ပိုး ချီးမြှင့်မှုအစီအစဉ်များ လိုအပ်ပါသည်။ ထို့အတူ ဆရာ ဆရာမများကလည်း မိမိ၏ စွမ်းဆောင်ရည်နှင့် သင်ကြားရေးအရည်အသွေးများကို အစဉ်အမြဲ မြှင့်တင်နေရပါမည်။

ထို့အပြင် မိဘ ဆရာအသင်းများကိုလည်း သေချာကျနစွာ ဖွဲ့စည်းထားပြီး မိဘများ၏ ကျောင်းတွင်းလှုပ်ရှားမှုများ၊ ပညာရေးဆောင်ရွက်ချက်များ၊ လူမှုရေးဆောင်ရွက်ချက်များတွင် ပါဝင်လာနိုင်ရန် ဆွေးနွေးတိုင်ပင် ဆောင်ရွက်သင့်ပါသည်။ မိဘများသည် မိမိတို့ကလေးကို ကျောင်းအပ်ပြီးပါက မိမိတို့တာဝန်ကျေပွန်ပြီဟု မသတ်မှတ်ဘဲ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ မိမိတို့သားသမီးများ၏ ပညာရေးကို လေ့လာမေးမြန်း ကူညီဆောင်ရွက်ပေးရပါမည်။

နိုင်ငံတော်က ပညာရေးကဏ္ဍ တိုးတက်ကောင်းမွန်ရန် အားထုတ်ကြိုးပမ်းနေပါသည်။ ကျောင်းသား၊ မိဘ၊ ဆရာများ၊ ပြည်သူများပူးပေါင်းပြီး ကျွန်တော်တို့နိုင်ငံ၏ အခြေခံပညာကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား ။ ။ အခြေခံပညာ သိကောင်းစရာများ (မောင်မြကျော်၊ ကျောင်းအုပ်ကြီး- ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်) - ပညာရေးသိကောင်းစရာများ (အင်တာနက်)**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေနေပြည်တော် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေနေပြည်တော် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေး အနီး၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးမှူး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေပန်းဥယျာဉ်မုခ်ဦးအနီး ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ကယားပြည်နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူ

**လွိုင်ကော် မေ ၂၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအံ့မော်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်၍ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ် အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အသင်းအဖွဲ့များ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး လှုံ့ဆော်အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါပိုးစီကျေးရွာ အခြေခံပညာမူလတန်းကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် ကျောင်းအပ်လက်ခံနိုင်ရေး စနစ်တကျ ပြင်ဆင်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**ဘားအံ မေ ၂၁**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်သူများကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်လွှာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်(ဘားအံဘဏ်ခွဲ)၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်လစာငွေများထုတ်ပေးနေမှု၊ ပင်စင်စားများအား သက်သာသောနှုန်းထားဖြင့် ဆန်နှင့်စားဆီများ ရောင်းချပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ အငြိမ်းစားဝန်ထမ်းများအား အားဖြည့်အချိုရည်များဝေငှပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်လှစ်

**ထားဝယ် မေ ၂၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး "တို့ကလေးများ နောင်ရေးစိတ်အေးဖို့ စာသင်ကျောင်းမှာအပ်ကြစို့" နှိုးဆော်လွှာ အသိပညာပေးလက်ကမ်းစာစောင်ကို ဖြန့်ဝေပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ တက်ရောက်

**တောင်ကြီး မေ ၂၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသည့် ကျောင်းစာသင်ဆောင်များ၊ စာသင်ခန်းများနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပသည့် “ချုံချင့်နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကွန်ဖရင့် ၂၀၂၆”သို့ တက်ရောက်



ရန်ကုန် မေ ၂၁

ချုံချင့်နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကွန်ဖရင့် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ချုံချင့်မြို့ရှိ Yuzhou ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားကို ချုံချင့်မြူနီစီပယ်ကော်မတီ CPC အတွင်းရေးမှူးနှင့် CPC ဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင် Mr. Yuan Jiajun တို့က ဖွင့်လှစ်ပေးကာ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Zheng Xiangdong က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ နိုင်ငံပေါင်း ၂၉ နိုင်ငံနှင့် မြို့ပေါင်း ၃၈ မြို့မှ ကိုယ်စားလှယ် အဖွဲ့များ၊ နိုင်ငံတကာချစ်ကြည်ရေး အဖွဲ့အစည်း ကိုးခု၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ သံတမန်များ၊ ချုံချင့်နှင့် ချန်ဒူးမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ နိုင်ငံခြား လုပ်ငန်းရှင်များနှင့် စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ မြို့ပြများအကြောင်း မိတ်ဆက်ပြသပြီး ချုံချင့်မြို့၏ နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်များ၏ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများကို ခင်းကျင်းပြသသည်။

မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ချုံချင့်မြူနီစီပယ်အစိုးရ နိုင်ငံခြားရေးဌာနတွင် ကျင်းပသည့် နိုင်ငံတကာ မိတ်ဖက်ချစ်ကြည်ရေးမြို့တော်များ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး နီးနှောဖလှယ်ပွဲနှင့် ယင်းနေ့ညပိုင်းတွင် Yuelai Wyndham Hotel တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်ဒေသ အကြား ချစ်ကြည်ရေးညီအစ်မ ဒေသများ ထူထောင်ခြင်းဆိုင်ရာနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Huang Maojun တို့က လက်မှတ် ရေးထိုးကြသည်။ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ပြင်ဦးလွင် မေ ၂၁

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြင်ဦးလွင်ခရိုင်ဘဏ်ခွဲ၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို မေ ၁၉ ရက်က ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်မြို့နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်က အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ချေးငွေအကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ထွေးထွေးသိန်း(ခရိုင်စိုက်/ဘဏ်မန်နေဂျာ)က ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၁၁ ရွာ၊ တောင်သူ ၁၄၃ ဦးအတွက် ချေးငွေကျပ် ၁၆၄၁ သိန်းကို စနစ်တကျ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သာပေါင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

သာပေါင်း မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၂၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၌ အသိပညာပေး စစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တို့ ပူးပေါင်း၍ နေအိမ်၊ လမ်းများ၌ “ဖုံး၊ သွန်၊ လဲ၊ စစ်”လုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ရွှေ့ပြောင်းရန်မလွယ်ကူသော အိုးခွက်များအတွင်းသို့ အဘိတ်ဆေးခတ်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တောင်ဖီလာဒေသရှိ MAX ဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တောင်ဖီလာဒေသရှိ MAX Myanmar Manufacturing Co.,Ltd. က ခွင့်ပြုမိန့် ရရှိထားသော ထုံးကျောက်လုပ်ကွက်များနှင့် MAXဘိလပ်မြေစက်ရုံမှဘိလပ်မြေထုတ်လုပ်ရန် အခြားကုန်ကြမ်းများ ရယူထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး ကြည့်ရှုသည်။



ဦးစွာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက MAX အမှတ်တံဆိပ် ဘိလပ်မြေ ထုတ်လုပ်မှုအတွက် ထုံးကျောက်များ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းများဖြစ်သည့် ကျောက်မီးသွေးနှင့် ဂေါ်ဒန်ကျောက်ရယူထားမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် CSR လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြည်တွင်း၌ အသုံးပြုရန်လိုအပ်သော ဘိလပ်မြေများကို ကြိုးပမ်းထုတ်လုပ်သွားရန်နှင့် စဉ်ဆက်မပြတ် ဘိလပ်မြေများ ထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းများရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး အသိပညာပေး

ပေါင် မေ ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အထက(ပေါင်) ရွှေရတုခန်းမ၌ ပြုလုပ်သည်။

**ဆွေးနွေးဟောပြော**

ဦးစွာ သထုံမြို့နယ်သစ်တောဦးစီးဌာနမှဦးစီးအရာရှိဦးတင်ထွန်းက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်းမလေ(ပြန်/ဆက်)



စာအုပ်စာပေ
လူ့မိတ်ဆွေ
အလိမ္မာ
စာမှာရှိ

## ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

**“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ မေလ (၃၁)ရက်နေ့ထိ

## ပညာရေးဝန်ကြီးဌာန

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်

## “အသိပေးကြေညာချက်”

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

### “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံး နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာစိုက်ထူပွဲ မြင်ကွင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူး ရုံးရှေ့၌ ကျင်းပစဉ်။

ဟိန်းပြည့်ဇော်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်-ပြည်ကားလမ်းဘေး သကျမဟာမြတ်မုနိ ဘုရားကြီးရှေ့တွင်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင်ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းကြစဉ်။

ကျော်ကျော်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်နှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်စဉ်။

လှလှထွေး(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် ပညာရေးဦးစီးဌာနတို့က မေ ၂၁ ရက် နံနက်ပိုင်းတွင် အခြေခံပညာကျောင်းများ၌ စိုက်ထူစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက် အမက (၇) ရှေ့၌ ကျင်းပစဉ်။

ရဲရင့်သူ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက စုပေါင်းရုံးလမ်းထိပ်နှင့် ဂျိုးဖြူကန်လမ်းထိပ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



## မော်ဘီမြို့နယ်၌ စမ်းသပ်ကွက်အတွင်းမှ သီးနှံနမူနာများ ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

မော်ဘီ မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ စမ်းသပ်ကွက်အတွင်းမှ သီးနှံနမူနာများ ကောက်ယူခြင်းလုပ်ငန်းများကို မေ ၁၇ ရက်က မော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါးသုတေသနဌာနတွင် ပြုလုပ်သည်။

ပိုးသတ်ဆေးဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားလာသည့် စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားရရှိထားသော ပိုးသတ်ဆေးများအား စမ်းသပ်ပေါင်းသတ်ဆေးများ၏ အဆိုပြုမရိုတ်သိမ်းမီစောင့်ဆိုင်းရမည့်ကာလမှန်/မမှန် စစ်ဆေးနိုင်ရန်အတွက် သတ်မှတ်ချိန်၌စမ်းသပ်ကွက်အတွင်းမှ သီးနှံနမူနာများ ကောက်ယူမည့်လုပ်ငန်းစဉ်အတိုင်း သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်နှင့် ဝန်ထမ်းများသည် မြန်မာ့ဆန်စပါးသုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရီရီချို၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ ကွင်းတာဝန်ခံနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ သီးနှံနမူနာရယူခြင်းကို ပြုလုပ်သည်။

သီးနှံများ၏ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအား စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ရလဒ်များရရှိသည့်အချိန်မှသာ ယာယီသုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားသို့ တိုးမြှင့်လျှောက်ထားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မော်ဘီ)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

ပူတာအို မေ ၂၁

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့တွင် ပူတာအိုမြို့နယ် ပူတာအိုတိမ်ပင်လယ်ရှိရာ တောင်မှ နမ့်ထွမ်ခူးကျေးရွာသွားလမ်း ဖောက်လုပ်ထားရှိမှု၊ နမ့်ထွမ်ကျေးရွာ လယ်မြေများနှင့် ကျေးရွာနေအိမ်များ ရေတိုက်စားခံရနိုင်သည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ကျေးရွာ ဘုရားကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျေးရွာနေ ပြည်သူများအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP ရန်ပုံငွေကျပ်သိန်း ၁၅၀၊ Cash For Work စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဆင်းကေရီ(၃) အထွက်တိုးမျိုးစပါးအိတ်များကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာဘောလုံးကွင်း ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် အောက်ဆန်ဂေါင်ကျေးရွာအနီးရှိ ပါတိတ်ချောင်းပေါ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ထားသည့် ဆန်ဂေါင်ဆည်အထက် ရေဝင်လမ်းကြောင်း အကျယ်ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ရေတိုက်စားသည့်ချောင်းကမ်းပါးနေရာအား ကျောက်စီနံရံ ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မာမဲ့ရှီးဒီကျေးရွာနေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဘုရားကျောင်း၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့နယ်၌ သဘာဝမြေဩဇာမြေဆွေးပုံ လက်တွေ့သရုပ်ပြ ပြုလုပ်

ကျုံပျော် မေ ၂၁

သဘာဝမြေဩဇာမြေဆွေးပုံ လက်တွေ့သရုပ်ပြ ပြုလုပ်ခြင်းနှင့် တောင်သူနည်းပညာပြန့်ပွားရေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး



ကျုံပျော်မြို့နယ် ဘုရာကလေးဆိပ်ကျေးရွာ၌ မေ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေဩဇာမြေဆွေးပုံပြုလုပ်နည်းအဆင့်ဆင့်အား လက်တွေ့သရုပ်ပြပြုလုပ်သည်။

ထို့နောက် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက တောင်သူများ အကျိုးအမြတ်ရှိအောင် ယခုကဲ့သို့ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရန်၊ သစ်စိမ်းမြေဩဇာထည့်သွင်းရန်၊ အထွက်နှုန်းကောင်းသည့် မျိုးများ ပြောင်းလဲသုံးစွဲကြရန်နှင့် လယ်ယာမြေဥပဒေအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ အိမ်ခြံဝင်းစိုက်ပျိုးရန်အတွက် ပျိုးပင်များ ပေးအပ်

ဥတ္တရသီရိ မေ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အိမ်ခြံဝင်း(Home Gardening) စိုက်ပျိုးရန်အတွက် ပျိုးပင်များ ကျေးရွာများရှိ ပြည်သူများသို့ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ဦးစွာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးထိန်လင်းဟန်နှင့် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းတို့က ပျိုးပင်များ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပျိုးပင်များကို ကျေးရွာနေပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



## အမှတ်(၄)အရက်ချက်စက်ရုံနှင့် ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန (မော်လမြိုင်)စက်ရုံတို့အား ကွင်းဆင်းစစ်ဆေး

မော်လမြိုင် မေ ၂၁

မွန်ပြည်နယ် လျှပ်စစ်နှင့်စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဇေယျာဦးသည် မေ ၂၀ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မုပွန်နတ်ကျွန်းရပ်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် Shwe Mawlamyine Beverage Enterprise Co., Ltd တို့အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်



မော်လမြိုင် အမှတ်(၄)အရက်ချက် စက်ရုံနှင့် မော်လမြိုင်မြို့ မုပွန်ရပ်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် Chords & Chain Myanmar Co., Ltd တို့အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကြွေထည်ပစ္စည်း ထုတ်လုပ်ရေးဌာန (မော်လမြိုင်)စက်ရုံတို့အား ကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီး စက်ရုံများ၏ လက်ရှိအခြေအနေနှင့် စက်ရုံများမှ တင်ပြသည့် တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

သံဖြူဇရပ် မေ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက ပင‌ကျေးရွာ ကြက်တည်ဝ်စေတီမွှာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသူရဦးက မိုးကြိုကာလတွင်ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက မီးဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပုံနည်းစနစ်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးမင်းက သဘာဝဘေးဖြစ်ပေါ်လာပါက ရှေးဦးပြုစုဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်



ရွက်နိုင်ရေးအတွက် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် မေ ၂၁

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် ဧရာဝတီတိုင်းဒေသကြီး အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ ပန်းကုံးစွပ်၍ လည်းကောင်း၊ ဘင်ခရာများ၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်ကြီးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများပေးအပ်

ပုသိမ်ကြီး မေ ၂၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာသိန်းက စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများအား စပါးတစ်ဧကလျှင် သုံးသိန်းကျပ်၊ ပဲမျိုးစုံ ၁၈ မျိုး တစ်ဧကလျှင် နှစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် စုစုပေါင်း တောင်သူ ၉၄ ဦးအတွက် ချေးငွေကျပ် ၁၃၀၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇာနည်ကိုကို (ပြန်/ဆက်)





# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

နေပြည်တော် မေ ၂၁

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပွဲကို တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်သည်လိုင်းသန့်ရှင်းရေးအကောင်းဆုံးဆု၊ စိုက်ပျိုး/ မွေးမြူရေးအကောင်းဆုံးဆုနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး အစီအစဉ်ဖြင့် ဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရရှိသည့် စစ်သည် လေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများချီးမြှင့်ကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်၊ မိသားစုများအား အမှတ်တရပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မင်းတုန်းမြို့နယ်တွင် သီးနှံမျိုးစေ့များပေးအပ်

မင်းတုန်း မေ ၂၁

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ စိုက်ပျိုးလျက်ရှိသော အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေရေး သီးနှံမျိုးစေ့ပေးအပ်ပွဲကို မေ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဒေသတွင်း သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေး၊ မျိုးကောင်းမျိုးသန့်များ ပွားများစိုက်ပျိုးရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေရေးတို့အတွက် သီးနှံစိုက်ပျိုးကြမည့် တောင်သူများအား စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)

# (၂၁-၅-၂၀၂၆) ရက်နေ့ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၉၆၆,၄၁၁.၈၁ | ၂,၀၅၄,၈၂၇.၅၁ | ၅၁,၆၉၁,၅၀၅.၃၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# လှိုင်းဘွဲ့မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ် ပေးအပ်ပွဲကျင်းပ



လှိုင်းဘွဲ့ မေ ၂၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒိုင်းပြကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။


ရှင်းလင်းပြောကြား

ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အဖွင့်အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဒိုင်းပြကျေးရွာအုပ်စုအတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေး ကတ်မရှိသူများနှင့် အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်သည့် ပြည်သူစုစုပေါင်း ၁၅၀ တို့အား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ပြည်သူတို့၏ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံဖမ်းဆီးရမိ




ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာများပြပုံ။

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးနှင့် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုအား မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန် လုံခြုံရေးပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၄၅၀၀ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၅၀၀ခန့် အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၃၀ ၊ အမျိုးသမီး တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့အား ဖုန်းမျိုးစုံ ၁၁ လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ငါးဦး၊ Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၂၆ လုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား တွေ့ရစဉ်။



တရုတ်နိုင်ငံသား အမျိုးသား ၂၀ နှင့်အတူ သိမ်းဆည်းရမိ စတားလင့်တစ်လုံးနှင့် ဖုန်း ၁၅ လုံး အား တွေ့ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးအား တွေ့ရစဉ်။

## ကျောက်ပန်းတောင်းမြို့နယ်၌ မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြ

ကျောက်ပန်းတောင်း မေ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအခွင့်အရေးဆိုင်ရာများ ရှင်းလင်းခြင်း၊ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိရမည့် အချက်များ ဟောပြောရှင်းလင်းခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မေ ၂၀ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



အသိပညာပေး ဟောပြောရာတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက စားသုံးသူကာကွယ်ရေး ဥပဒေများနှင့် စားသုံးသူများ ရရှိနိုင်မည့် အခွင့်အရေးဆိုင်ရာများနှင့် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်က မီးဘေးလုံခြုံရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိရမည့် နည်းလမ်းများ၊ အရေးပေါ် မီးငြိမ်းသတ်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆီမီးလောင်မှုအရေးပေါ် ငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူး အသုံးပြု မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြသပြီး လက်တွေ့မီးငြိမ်းသတ်နည်းများကို တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## လှည်းကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ပေးအပ်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ခြင်းနှင့် ရန်ပုံငွေထုတ်ပေးခြင်းအခမ်းအနားကို မေ ၁၉ ရက်က ကြာအင်းအနောက်ကျေးရွာအုပ်စု အင်းကန့်လန့်ကျေးရွာ၌ ဆောင်ရွက်သည်။

အခမ်းအနားကို လှည်းကူးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်မင်းထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အိဒ္ဓေစင်လတ်(ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက မူခင်းအသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဒုတိယဥပဒေအရာရှိဦးကျော်ရဲထွန်းက မှုခင်းအသိပညာပေးဟောပြောသည်။



ယင်းနောက် ဗဟန်းမြို့နယ် အမှတ်(၄၅)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံး တပ်ကြပ်ကြီးခင်မြတ်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် မေလ(တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

နေပြည်တော် မေ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၂၁ ရက်မှ ၂၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေ ၂၅ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၃၁ ရက်မှ ဇွန် ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၃၅ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၅ မီလီမီတာမှ ၅၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ၊ နေပြည်တော်တွင် (စိုစွတ်)အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့သည်။

မိုး/ဇလ



ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) မန္တလေး-လားရှိုးလမ်းဘေးရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းရှေ့၌ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို မေ ၂၁ ရက်က စိုက်ထူကြစဉ်။ ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ အမှတ်(၉) ရပ်ကွက်တွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ဘာမီသာ(ပခုက္ကူ)

# မုံရွာမြို့၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မုံရွာ မေ ၂၁

ပြည်တွင်းအခွန်ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်ကိုက အမှာစကားပြောကြားပြီး မုံရွာမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက မုံရွာမြို့ပေါ်ရှိစက်သုံးဆီဆိုင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မုံရွာမြို့ပေါ်ရှိ စက်သုံးဆီဆိုင်လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး အခွန်အသိပညာပေးလက်ကမ်းစာစောင်များကိုလက်ဝယ်အရောက် ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိုင်းရယ်မြို့နယ်၌ တိရစ္ဆာန်ကာကွယ်ဆေး ထိုးနှံပေး

မိုင်းရယ် မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက် ၇ နာရီက နားဖျိုင်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာချယ်ရီအောင်သင်းနှင့် ဝန်ထမ်းများက နားဖျိုင်းကျေးရွာအုပ်စု နားဖျိုင်းကျေးရွာ၌ တောင်သူများ၏နေအိမ်များသို့ သွားရောက်၍ အသက် ခြောက်လနှင့်အထက် အရွယ် ကျွဲ ၆၇ ကောင်၊ နွား ၉၈ ကောင် စုစုပေါင်း ၁၆၅ ကောင်အား ၎င်းတို့တွင် ဖြစ်ပွားတတ်သည့် ပေါင်ပုပ်၊ လက်ပုပ်၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

# ကော့မှူးမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ကော့မှူး မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးသန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစောလှဝင်းအောင်တို့က စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျိုက်ထော်(တောင်)ကျေးရွာနှင့် သမင်ခြံကျေးရွာများမှ တောင်သူ ၇၀ ၏ စိုက်ဧက ၅၅၁ ဧကအတွက် ချေးငွေကျပ် ၁၆၅၃၀၀ သန်းကို တောင်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# တောင်ဥက္ကလာပမြို့နယ်၌ ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က အမှတ်(၇)ရပ်ကွက် သုဒဿီဓမ္မာရုံ၌ ပြုလုပ်သည်။

ပြည်သူ့စကားဝိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးက ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဥမ္မာသွယ်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးသန်းတင့်၊ အမှတ်(၂၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ဒုရဲမှူး ချစ်မင်းထွန်းတို့က တရားဥပဒေစိုးမိုးရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းကျဆင်းရေး ဥပဒေနှင့်ပတ်သက်၍ ဖြစ်လေ့ဖြစ်ထရှိသော လူမှုပတ်ဝန်းကျင် နေထိုင်မှုပုံစံများ၊ ပြစ်မှုပြစ်ဒဏ်များ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ မူခင်းပညာပေးဆိုင်ရာ အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ရပ်ကွက်နေ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရက်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ဒေါပုံမြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်း ဖွင့်လှစ်

ဒေါပုံ မေ ၂၁

ဒေါပုံမြို့နယ်တွင် သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် အခြေခံ စာရင်းရေး၊ စာရင်းကိုင် သင်တန်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ရွှေယမုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူများအား အခြေခံစာရင်းရေး၊ စာရင်းကိုင်ဘာသာရပ်များကို အသီးသီးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ အခြေခံသမဝါယမအသင်းများရှိ အမှုဆောင်နှင့် အသင်းဝင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

❂



## ဝမ်းတွင်းမြို့၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်

ဝမ်းတွင်း မေ ၂၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လူထုကျန်းမာရေး လုပ်သား (အကျဉ်းချုပ်)သင်တန်းဖွင့်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နှင်းအိအိသွယ်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံ ချက်ညှိနှိုင်းရေးမှူး ဦးခင်မောင်ညွန့်က သင်တန်းကာလအတွင်း တတ်မြောက်ရမည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပညာရပ်များ အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျန်းမာရေးလုပ်ငန်းများကို ပြည်သူ့ ကျန်းမာရေးလုပ်သားများ၏ အင်အားဖြင့် စနစ်တကျ ပူးပေါင်းဆောင် ရွက်နိုင်ရေးအတွက် သင်တန်းသား ၃၂ ဦးကို မေ ၂၁ ရက်မှ ဇွန် ၃ ရက် အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သန်းတင်အောင်(ကြေးမုံ)

## သင်္ဃန်းကျွန်းမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် မေ ၂၁



ရန်ကုန်တိုင်း ဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၌ အသေး စားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းများအနက် စက်ချုပ် နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၁၉ ရက်က ကျင်းပသည်။

ဦးစွာ သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကား ပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ် ချက်များနှင့် အကျိုးကျေးဇူးများ ကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သော စက်ချုပ် နည်းပညာ သင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား စက်ချုပ် နည်းအမျိုးမျိုးတို့ကို ကိုယ်ပိုင် လုပ်ငန်းထူထောင်နိုင်သည်အထိ မေ ၁၉ ရက်မှ ဇူလိုင် ၇ ရက်အထိ တစ်လခွဲကြာ စာတွေ့၊ လက်တွေ့ သင်ကြား ပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်း ထူထောင် မည့် ထူးချွန်သင်တန်းသားငါးဦး အား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။ မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ရေတာရှည် မေ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက်သက်သာသော ဈေးနှုန်း များဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကြက်ဥ ငါးလုံးနှင့် ဆီ ၅၀ ကျပ်သားကို ၆၃၀၀ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံခရိုင်၌ ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

သထုံ မေ ၂၁

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံ ကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် သထုံမြို့ နယ်၊ ပေါင်မြို့နယ်တို့အတွက် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို တာဝန်ပေးအပ်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံး နိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက် ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက် နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီး ဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် ဝန်ထမ်းများသည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးမြို့နယ် ဦးစီးမှူးရုံး၌ ပြုလုပ်စဉ်။

ခရိုင်(ပြန်/ဆက်)



ကျိုက်မရောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်နှင့်ဝန်ထမ်းများ၊ မြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးညဏ်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်း နေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် အသိ ပညာပေးခြင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပေး နှိုးဆော်ခြင်းများကို မေ ၂၁ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့ပေါ် နေရာများ၌ ဆောင်ရွက်စဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)





## မုဒုံမြို့၌ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်း

မုဒုံ မေ ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရှိ ရေမြောင်းများအား တူးဖော်ခြင်းနှင့် ဆည်ယူခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်သီတာလင်းနှင့် တာဝန်ရှိများက ကြည့်ရှု စစ်ဆေးပြီး မြို့ပေါ်ရပ်ကွက်များတွင် ပင်မရေမြောင်းကြီး ငါးမြောင်းကို စက်အင်အားများဖြင့် တူးဖော်ခြင်းနှင့် ဆည်ယူခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရာမည(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးခြင်းကို ခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မိတ္ထီလာ-မန္တလေးကားလမ်းမ အနီးတွင် မေ ၁၉ ရက်က ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## “ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေလင်ပန်းအိမ်ရာ(၂)၊ အိမ်ရာစီမံကိန်းတိုက်(၈)ခန်းတွဲ၊ (၄)ထပ်တိုက်ရှိ တိုက်(၄၀)၊ အခန်း(၀၀၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၈၄)စတုရန်းပေ မြေညီထပ်တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်း ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါ တိုက်ခန်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရောင်းချသူ ဒေါ်ယဉ်ကျေးခင် [၁၄/ဒဒရ(နိုင်)၁၉၄၂၈၃]အမည်ဖြင့် မှတ်သားတည်ရှိထားသော တရားဝင်ပိုင်ဆိုင်ထားသူဖြစ်ပြီး အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်း၊ ဥပဒနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အာမခံဝန်ခံကတိပြု၍ အပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အကြံပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စပယ်ဦး [၈/တတက(နိုင်)၁၅၉၁၃၃]က အပြီးအပိုင်ဝယ်ယူရန် (၁၉-၅-၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် ငွေပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်းများ)နှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဝင်းရွှေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၅၇၇၀/၂၇–၂–၂၀၁၅)**
**အမှတ်(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၇၆၆၄၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဗညားဦး(၁)လမ်း၊ မြေကွက်အမှတ် (၃၂၅)ဟုခေါ်တွင်သော ဒေါ်ရင်ရင် (CE–၀၇၁၂၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၃၂၆)နှင့်ကပ်လျက် အကျယ်အဝန်း(၂၂ x ၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကျင်အုံး [၁၂/ဥကတ(နိုင်) ၁၃၈၅၄၇] နှင့် ဒေါ်ဝင်းပပလှိုင် [၁၂/ဥကတ(နိုင်)၁၈၇၆၀၇]တို့မှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဒေါ်ထွေးမြင့် [၁၂/သဃက(နိုင်)၀၈၂၆၀၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝတ်ရည်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၄၉၉)**
**အမှတ်– ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၆၂၄၇၉၉၆၅**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃) ရပ်ကွက်၊ မြေကွက်အမှတ်(၁၄၇၄)ဟုခေါ်တွင်သော ပါမစ်မြေ(အလျား ၄၀ပေx အနံ ၆၀ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ဆက်စပ်စာချုပ်များဖြင့် တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်အောင်[၁၂/ဒဂတ(နိုင်)၀၄၃၀၇၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးစန္ဒာအေး[၁၂/ဥကတ(နိုင်)၁၉၇၈၁၉] ကိုင်ဆောင်သူက အပြီးအပြတ်ဝယ်ယူထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့မပြုလုပ်ပါရန်နှင့် အကယ်၍ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်နှင်းလွင်(LLB, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၈)**
**09-775855548**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–၅၈၃၊ ဦးပိုင်အမှတ် (၂၂)၊ ဧရိယာ(၀.၁၂)ဧကရှိ ဦးမြအောင် အမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေနှင့်တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်ခင်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါ၍ ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြူကြူဝေ (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၉၄)**
**အမှတ်–၅၆၁ (ပထမထပ်)၊ အခန်း (၄)၊ M.A.C Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၆၀၃၆၇၇၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ–၃၄၃၀၅)ကို အမည်ပေါက် ဒေါ်မိုမိုအောင် (ဘ) ဦးမျိုးအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ငဇန(နိုင်)၀၇၈၃၁၀]မှ ဒေါ်ဇင်မာထွန်း (ဘ) ဦးထွန်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ပသန(နိုင်)၀၀၀၃၀၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၄၄)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၀၇၄)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Maha Classic Mini ကွန်ဒို (၈)ထပ်တိုက်၏ (၃)လွှာ(ဒုတိယထပ်)၊ အခန်း(2 B) (တိုက်မျက်နှာမူညာခြမ်း)၊ အခန်းအကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထိုက်ထိုက်အောင်[၁၂/ကမရ(နိုင်)၀၁၃၈၆၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမျိုးမင်းခိုင်[၁၂/ရကန(နိုင်)၀၀၃၅၅၈]က ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမင်းခိုင်၏ လွှဲအပ်ချက်အရ**
**ဒေါ်ပိုးအိစံ (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၈၀၄ / ၂၁–၁၂–၂၀၂၀)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၁)**
**STRAND Condominium မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၄၉၁၁၃၉၉၊ ၀၉–၇၇၂၀၃၁၅၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီအိမ်ရာ၊ ဟံသာဝတီလမ်း၊ တိုက်အမှတ်(B–3)၊ (၇)ထပ်တိုက်၏(၆)လွှာ၊ အခန်းအမှတ်(၆၀၁)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ပွင့်သစ်ဟန်[၁၂/ဗဟန(နိုင်)၀၈၆၃၇၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်စင်ထွန်း[၁၂/ဗဟန(နိုင်)၀၉၄၇၃၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB)** | **ဒေါ်ယုဇနက်ကို(LLB,DBL,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၄၈၃–က+ခ)၊ (၈)ထပ်တိုက်၏ Penthouse၊ (၁၈၂၄)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဦးအောင်ကိုဝင်း [၇/ဝမန(နိုင်) ၁၁၀၈၀၉]၊ ဒေါ်နှင်းအိအိခိုင် [၁၂/တမန(နိုင်)၁၁၄၂၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲနိုင်ဖြိုး [၁၁/စတန(နိုင်)၀၈၃၆၇၁]၊ ဒေါ်မြသန္တာထွန်း [၁၁/စတန(နိုင်)၀၈၆၅၉၇]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB)** | **ဒေါ်ယုဇနက်ကို(LLB,DBL,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၉၊ မြေကွက်အမှတ်– ၆၀၇၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(၂၀x၆၀)ပေ(ခြေရင်းခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ထွက်ရှိထားသူ ဦးကျော်လှိုင်(RGN–၀၅၂၄၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သန်းနိုင် [၉/မရမ(နိုင်)၀၅၄၃၂၄]က တရားဝင် ဝယ်ယူထားပြီး လက်ရောက်ရရှိ ပိုင်ဆိုင်ထားသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ဝယ်ယူထားသူမှ အမည်ပေါက်ပိုင်ဆိုင်မှု ပြောင်းလဲနိုင်ရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုနိုင်ရန်အတွက် ဦးကျော်လှိုင်မှ ဤကြော်ငြာ ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပေးပါရန်နှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မိုးစုကြည်** | **ဒေါ်ပြည့်ဖြိုးခိုင်** |
| **(စဉ်–၅၃၇၉၁)** | **(စဉ်–၄၁၈၄၄)** |

**(အထက်တန်းရှေ့နေများ)**
**အမှတ်–၁၁၆၁၊ စိန်ခြယ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၆၇၄၉၇၀၇၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာ၊ ဘောဂဗလရပ်၊ အမှတ်–၃၀၆၊ ကွင်းအမှတ်–၂၂/၄၊ ဧရိယာ (၀.၃၂)ဧကရှိ ဦးဟိန်း အမည်ပေါက် ဘိုးဘွားပိုင်မြေအမျိုးအစားမြေကွက်အနက်မှ(၉၀'x၈၅')ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသော ဦးသန်းထွန်းနှင့် ဒေါ်ခင်ခင်ဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါ၍ ယင်းမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြူကြူဝေ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၉၄)**
**အမှတ်–၅၆၁ (ပထမထပ်)၊ အခန်း (၄)၊ M.A.C Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၂၆၀၃၆၇၇၀၅**

## ပျောက်ဆုံးကြောင်း

ဦးကြည်အောင် [၆/ကသန(နိုင်) ၀၅၃၅၄၉)]ပိုင် **ဝင်းသီရိဟိန်း–(၁၀၁၈၇၆)** ရေယာဉ်၏ လုပ်ငန်းလိုင်စင်အပိုင်း (၁)+(၂)တို့မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**၀၉– ၄၂၀၂၈၈၅၃၃**

## အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မိုးသောက်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–3တွင် ပညာသင်ကြားနေသော (အဖ)ဦးအောင်ကျော်နိုင် [၁၄/ဇလန(နိုင်)၁၆၈၈၄၆]၏ သမီး မထွန်းထက်ထက်နိုင် အား မဆုမြတ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ရပ်ကွက်၊ အကွက်အမှတ်(ခ–၁)၊ ဦးပိုင်အမှတ်(၆၄–ခ)၊ ၆၇x၆၈လမ်းကြား၊ ၄၀x၄၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာဝင်း [၁၂/မရက(နိုင်)၀၄၄၈၄၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၃၅/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းထွန်း [၁/မမန(နိုင်) ၀၀၃၀၇၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ–၅)၊ ဦးပိုင်အမှတ်(၄၃)၊ ၆၉x၇၀လမ်းကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ကြူ [၉/အမရ(နိုင်) ၀၃၅၃၃၀]၊ အေအမ်အေ–၁၀၀၃၁၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၂၁/၁၉၉၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နွယ်နိုင် [၉/မရတ(နိုင်)၀၀၉၃၆၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၇၉၁)၊ ရှိ တရားမဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း(အလျား၁၀xအနံ၆၀)ပေရှိ( ဂရန်မိတ္တူ ) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အမာစိန်(SLN–104254)အမည်ဖြင့် မှတ်သားထားပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဦးစည်သူအောင် [၁၂/ဒဂမ(နိုင်)၀၁၈၉၆၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်ဝင်း [၈/ပဖန(နိုင်) ၁၂၄၉၅၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄ ) (၉–၂–၂၀၂၂)**
**အမှတ်(၆၅၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၁)၊ မြေကွက်အမှတ် (၁၀၆၈)ဟုခေါ်တွင်သော ဦးအောင်နိုင် (ဘ) ဦးချစ်မောင် (MMN–023688)[၁၂/အစန(နိုင်)၀၅၀၆၇၄] အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ကွယ်လွန်သွားသဖြင့် တရားဝင်အမွေဆက်ခံသူဇနီး ဒေါ်နော်လားဂေးဖော(ဘ) ဦးဝင်းထိန် [၁၂/အစန(နိုင်)၀၅၂၆၃၄]မှ လက်ရှိ တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** | **ဦးဇော်ခိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၀)၊ မြေကွက်အမှတ် (၆၇၆)ဟုခေါ်တွင်သော ဒေါ်ခင်လှ(ဘ) ဦးစိန်လှအောင်(C/RGN–006015) အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအေး (ဘ)ဦးမောင်အေး [၁၂/ဥကတ(နိုင်)၁၆၃၄၅၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** | **ဦးဇော်ခိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်–၁၄/ဘီ ၊ (၁၇)ထပ်၊ အခန်းအမှတ်– # ၃၃၁၊ အကျယ်ပေ(၇၁၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား ချမ်းသာရွှေမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ထံမှ ဦးကျော်ဇင်ထူး[၉/ကပတ(နိုင်)၂၀၉၈၄၂]၊ ဒေါ်ဖူးမွန်ဖြိုးဝေဝင်း[၅/ရဥန(နိုင်)၁၀၀၄၇၃]တို့မှ ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် ၎င်းတို့ကိုယ်စား ဦးထက်လွန်းကိုကိုသန့်[၅/ရဥန(နိုင်)၁၂၅၅၅၂]အား တာဝန်ယူလွှဲပြောင်းရောင်းချစေခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မေဦးခင်မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တိုက်ခန်းပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မေဦးခင်** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၈/ခမန(နိုင်)၁၇၉၈၇၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **အမှတ်–၄၇၂၊ သမိန်ဗရမ်းလမ်း၊** | **အမှတ်– ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း–၀၉–၅၁၈၉၉၆၈၉** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၉၅၀)၊ ကျွန်းရွှေဝါလမ်း၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးအောင်စိုးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်သူဦးရဲမျိုး[၁၂/ဗဟန(နိုင်)၀၈၂၇၅၂]က ရောင်းချခွင့်ရှိကြောင်း ကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါနေ့ရက်မှစ၍( ၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

